ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်-မန္တလေး
မန္တလေးမြို့
University of Medicine, Mandalay
MYANMAR

စာအမှတ်- ၁၆၁၁၇/ဆတမ(သ)ဘွဲ့လွန်(ဝင်ခွင့်) ရက်စွဲ- 22 JUL 2022

အကြောင်းအရာ။ ။ ၂၀၂၃ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ပညာသင်နှစ် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လျှောက်လွှာများကို ကြော်ငြာခေါ်ယူထားပါသည်-

(က) ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများ (ပူးတွဲ-၁)

(ခ) ဆေးပညာဒီပလိုမာ နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ (ပူးတွဲ-၂)

၂။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များနှင့်ပူးတွဲပေးပို့ရမည့် အထောက်အထားစာရွက်စာတမ်းများကို ပြည့်စုံမှန်ကန်စွာ တင်ပြလျှောက်ထားနိုင်ရန် ပူးတွဲပါကြေညာချက်များကို မိမိတို့လက်အောက်ရှိ ဌာနများအားလုံးသို့ အချိန်မီထပ်ဆင့်ဖြန့်ဝေပေးနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်အရည် အချင်းနှင့်ပြည့်စုံသော လျှောက်လွှာများကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ထောက်ခံချက်ဖြင့် ဆေးတက္ကသိုလ်-မန္တလေးသို့ (၁၉-၈-၂၀၂၂) ရက်နေ့ နောက်ဆုံးထားပေးပို့ပါရန် တစ်ပါတည်း အကြောင်းကြားအပ်ပါသည်။

ပါမောက္ခဒေါက်တာမျိုးသက်တင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်-မန္တလေး
မန္တလေးမြို့

Address: 30th Street, 73rd & 74th Street Block, Chan Aye Thar Zan Township, Mandalay, Myanmar
Office Phone: Rector 95-2-36634, Pro-rector 95-2-39066, Registrar 95-2-36637, Fax 95-2-36639,
E-mail: rector@ummdy.com, rct-ummdy@dms.gov.mm

ဖြန့်ဝေခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန။

၂။ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

၃။ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်။

၄။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။

၅။ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်။

၆။ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်။

၇။ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်။

၈။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)။

၉။ ပါမောက္ခချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ
အားလုံး။

၁၀။ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်း
မာရေးဦးစီးဌာန။

၁၁။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန။

၁၂။ ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး/ ဗဟိုအမျိုးသမီးဆေးရုံကြီး/
ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး/ခုတင်(၃၀၀)ဆံ့ကလေးဆေးရုံကြီး/ခုတင်(၃၀၀)ဆံ့
သင်ကြားရေးဆေးရုံကြီး/ အရိုးအထူးကုဆေးရုံကြီး/ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊
ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုဆေးရုံကြီး/ အလုပ်သမားဆေးရုံကြီး/ တီဘီဆေးရုံကြီး/
စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့။

၁၃။ ဌာနမှူး၊ သန့်ရှင်းရေးဌာန (ကျန်းမာရေးဌာနခွဲ)၊ မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်-မန္တလေး

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇွန်လ(၂၂)ရက်

၂၀၂၃ ပညာသင်နှစ်

ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၁)	ပါရဂူဘွဲ့ (ခန္ဓာဗေဒ)	Ph.D (Anatomy)	၃-နှစ်
(၂)	ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ)	Ph.D (Physiology)	၃-နှစ်
(၃)	ပါရဂူဘွဲ့ (ဇီဝဓါတုဗေဒ)	Ph.D (Biochemistry)	၃-နှစ်
(၄)	ပါရဂူဘွဲ့ (ဆေးဝါးဗေဒ)	Ph.D (Pharmacology)	၃-နှစ်
(၅)	ပါရဂူဘွဲ့ (အဏုဇီဝဗေဒ)	Ph.D (Medical Microbiology)	၃-နှစ်

(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၁)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ)	Dr.Med.Sc (General Medicine)	၃-နှစ်
(၂)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ)	Dr.Med.Sc (General Surgery)	၃-နှစ်
(၃)	ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ)	Dr.Med.Sc (Obstetrics & Gynaecology)	၃-နှစ်

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၄)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ)	Dr.Med.Sc (Paediatrics)	၃-နှစ်
(၅)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ)	Dr.Med.Sc (Orthopaedics)	၃-နှစ်
(၆)	ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ)	Dr.Med.Sc (Cardiology)	၃-နှစ်
(၇)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)	Dr.Med.Sc (Respiratory Medicine)	၃-နှစ်
(၈)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ)	Dr.Med.Sc (Thoracic Surgery)	၃-နှစ်
(၉)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောဆေးပညာ)	Dr.Med.Sc (Neurology)	၃-နှစ်
(၁၀)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)	Dr.Med.Sc (Neurosurgery)	၃-နှစ်
(၁၁)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ)	Dr.Med.Sc (Nephrology)	၃-နှစ်
(၁၂)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ)	Dr.Med.Sc (Gastroenterology)	၃-နှစ်
(၁၃)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ)	Dr.Med.Sc (Hepatology)	၃-နှစ်
(၁၄)	ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ)	Dr.Med.Sc (Clinical Haematology)	၃-နှစ်
(၁၅)	ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ)	Dr.Med.Sc (Gynaecological Oncology)	၃-နှစ်
(၁၆)	ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ)	Dr.Med.Sc (Reproductive Health)	၃-နှစ်
(၁၇)	ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ)	Dr.Med.Sc (Anaesthesiology)	၃-နှစ်

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၁၈)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတ်မှန်ပညာ)	Dr.Med.Sc (Radiology)	၃-နှစ်
(၁၉)	ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ)	Dr.Med.Sc (Ophthalmology)	၃-နှစ်
(၂၀)	ဆေးလက်တွေ့ပါရဂူဘွဲ့ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ)	Dr.Med.Sc (Otorhinolaryngology Head & Neck Surgery) (ORLHNS)	၃-နှစ်
(၂၁)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ)	Dr.Med.Sc (Medical Jurisprudence)	၃-နှစ်
(၂၂)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးအကြောအဆစ်ဆေးပညာ)	Dr.Med.Sc (Rheumatology)	၃-နှစ်
(၂၃)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)	Dr.Med.Sc (Rehabilitation Medicine)	၃-နှစ်
(၂၄)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့် မျက်နှာ၊ မေးရိုးခွဲစိတ်ကုပညာ)	Dr.Med.Sc (Oral and Maxillofacial Surgery)	၃-နှစ်
(၂၅)	ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ)	Dr.Med.Sc (Mental Health)	၃-နှစ်
(၂၆)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ)	Dr.Med.Sc (Tropical and Infectious Diseases)	၃-နှစ်
(၂၇)	ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ)	Dr.Med.Sc (Haematopathology)	၃-နှစ်
(၂၈)	ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ)	Dr.Med.Sc (Histopathology)	၃-နှစ်
(၂၉)	ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတုရောဂါဗေဒ)	Dr.Med.Sc (Chemical Pathology)	၃-နှစ်

၂။ လိုအပ်သောအရည်အချင်း-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) ခြွင်းချက်သတ်မှတ်ထားသော သင်တန်းများမှအပ သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။ ခြွင်းချက်အနေဖြင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (**ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒ၊ ဇီဝဓါတုဗေဒ၊ ဆေးဝါးဗေဒ**) နှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ (**ဥပဒေရေးရာဆေးပညာ**) သင်တန်းများအတွက် သက်ဆိုင်ရာ ဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူများ ဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(င) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက ပါရဂူဘွဲ့ (**ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ**) သင်တန်းများအတွက်လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့ သင်တန်းများအတွက် လုပ်ငန်းစတင် ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)(သို့မဟုတ်)(ကလေးကျန်းမာပညာ) ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာ၊ မေးရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ)/(ဓါတုရောဂါဗေဒ)/(သွေးရောဂါဗေဒ) သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ္ဌ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဌ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်။**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာတင်ပြရန်)

(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်( )ရက်စွဲ---------။

(စ) ပညာအရည်အချင်း

(ဆ) တက်ရောက်လိုသည့်သင်တန်းနှင့်ဘာသာရပ် (တိကျစွာဖော်ပြရန်)

(ဇ) အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ
(ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက၊ ဌာနဆိုင်ရာ ထောက်ခံစာနှင့်အတူ တစ်ပါတည်း တင်ပြရမည်။)

(ဈ) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရဖူးခြင်း ရှိ/မရှိဖော်ပြရန်။

(ည) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ခဲ့ဖူးပါက တက်ရောက်ခဲ့သည့် ရက်/လ/ ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်း ရှိ/မရှိ ဖော်ပြရန်။

(ဋ္ဌ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်း ရှိ/မရှိဖော်ပြရန်။

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးပညာသင်တန်းနှင့် မဟာသိပ္ပံသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူများ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊

(c) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ။

(စ) ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်)တိတိကို ပေးသွင်းထားသည့် **ချလံမူရင်း (၁)စောင်**

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ် MD- ၀၁၀၀၆၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားခြင်း မပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို **ငွေသွင်းချလံမူရင်း**နှင့်တကွ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်-မန္တလေးသို့ **(၁၉-၈-၂၀၂၂)ရက် (သောကြာနေ့)** နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက်နောက်ကျ၍ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၂၃-၉-၂၀၂၂)ရက် (သောကြာနေ့)** မှစ၍ ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနခွဲ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို **(၂၉-၉-၂၀၂၂)ရက် (ကြာသပတေးနေ့)** တွင် စာစစ်ဌာနဖြစ်သည့် ဆေးတက္ကသိုလ်-မန္တလေး၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

စဉ်	သင်တန်း	ဘာသာရပ်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
(၁)	Ph.D	ကျွမ်းကျင်ဘာသာရပ်	(၃) နာရီ မေးခွန်း	Essay Type
(၂)	Dr.Med.Sc			

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂) နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၁၁။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ကတိဝန်ချုပ် ချုပ်ဆိုရမည်။

၁၃။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့် မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံတာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၅။ ဘွဲ့လွန်ဘာသာရပ်တစ်ခုချင်းအလိုက်၊ တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဘာသာရပ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေအဖြစ် ဤတက္ကသိုလ် Website မှတစ်ဆင့် ကြေညာပါမည်။ **အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေမည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် ပြည့်မီခြင်းမရှိက ရွေးချယ်မည်မဟုတ်ပါ။**

၁၆။ အသေးစိတ်အချက်အလက်များကိုဆေးတက္ကသိုလ်-မန္တလေး၏Website-www.ummdy.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပါမောက္ခချုပ်	- ၀၂-၄၀၃၆၆၃၉
ဌာနမှူး(စီမံ/ဘဏ္ဍာ)	- ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀
ကျောင်းသားရေးရာဌာန	- ၀၂-၄၀၃၉၀၄၂ (လိုင်းခွဲ- ၂၀၃၊ ၂၂၇)

(ပါမောက္ခဒေါက်တာမျိုးသက်တင်)
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်-မန္တလေး

စာအမှတ်- ၁၆၁၆/ဆတမ(သ)ဘွဲ့လွန်(ဝင်ခွင့်)
ရက်စွဲ။ ၂၀၂၂ခုနှစ်၊ ဇွန်လ(၂၂)ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်-မန္တလေး

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇွန်လ(၂၂)ရက်

၂၀၂၃ ပညာသင်နှစ်

ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံဝန်ထမ်း ဆရာဝန်များလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) ဆေးပညာဒီပလိုမာသင်တန်း

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၁)	ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ	Dip.Med.Sc (Clinical Pharmacology)	၁-နှစ်

(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၁)	ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ)	M.Med.Sc (Anatomy)	၂-နှစ်
(၂)	ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)	M.Med.Sc (Physiology)	၂-နှစ်
(၃)	ဆေးပညာမဟာသိပ္ပံ (ဇီဝဓါတုဗေဒ)	M.Med.Sc (Biochemistry)	၂-နှစ်
(၄)	ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)	M.Med.Sc (Pharmacology)	၂-နှစ်

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၅)	ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)	M.Med.Sc (Microbiology)	၃-နှစ်
(၆)	ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)	M.Med.Sc (Preventive and Tropical Medicine)	၂-နှစ်
(၇)	ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)	M.Med.Sc (Pathology)	၃-နှစ်
(၈)	ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)	M.Med.Sc (Medical Jurisprudence)	၃-နှစ်
(၉)	ဆေးပညာမဟာသိပ္ပံ(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ)	M.Med.Sc (Otorhinolaryngology Head & Neck Surgery) (ORLHNS)	၃-နှစ်
(၁၀)	ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)	M.Med.Sc (Anaesthesiology)	၃-နှစ်
(၁၁)	ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)	M.Med.Sc (Rehabilitation Medicine)	၃-နှစ်
(၁၂)	ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ)	M.Med.Sc (Ophthalmology)	၃-နှစ်
(၁၃)	ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ)	M.Med.Sc (Mental Health)	၃-နှစ်
(၁၄)	ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)	M.Med.Sc (Internal Medicine)	၃-နှစ်
(၁၅)	ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)	M.Med.Sc (Surgery)	၃-နှစ်
(၁၆)	ဆေးပညာမဟာသိပ္ပံ (သားဖွားမီးယပ်ပညာ)	M.Med.Sc (Obstetrics and Gynaecology)	၃-နှစ်
(၁၇)	ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)	M.Med.Sc (Paediatrics)	၃-နှစ်
(၁၈)	ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ)	M.Med.Sc (Thoracic Surgery)	၃-နှစ်
(၁၉)	ဆေးပညာမဟာသိပ္ပံ(ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ)	M.Med.Sc (Neurosurgery)	၃-နှစ်

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၂၀)	ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)	M.Med.Sc (Orthopaedics)	၄-နှစ်
(၂၁)	ဆေးပညာမဟာသိပ္ပံ (ဓါတ်မှန်ပညာ)	M.Med.Sc (Radiology)	၄-နှစ်

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(မှတ်ချက်။ **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာနှင့် မွေ့ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

(ဃ) ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) ဘွဲ့ရရှိပြီး၊ အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်။**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာတင်ပြရန်)

(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်( )ရက်စွဲ---------။

(စ) ပညာအရည်အချင်း

(ဆ) တက်ရောက်လိုသည့်သင်တန်းနှင့်ဘာသာရပ် (တိကျစွာဖော်ပြရန်)

(ဇ) အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ
(ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက၊ ဌာနဆိုင်ရာ ထောက်ခံစာနှင့်အတူ တစ်ပါတည်း တင်ပြရမည်။)

(ဈ) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရဖူးခြင်း ရှိ/မရှိဖော်ပြရန်။

(ည) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ခဲ့ဖူးပါက တက်ရောက်ခဲ့သည့် ရက်/လ/ ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်း ရှိ/မရှိ ဖော်ပြရန်။

(ဋ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်း ရှိ/မရှိဖော်ပြရန်။

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ဆေးပညာသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊

(င) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(စ) ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်)တိတိကို ပေးသွင်းထားသည့် **ချလံမူရင်း (၁)စောင်**

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ် MD- ၀၁၀၀၆၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို **ငွေသွင်းချလံမူရင်း**နှင့်တကွ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်-မန္တလေးသို့ **(၁၉-၈-၂၀၂၂)ရက်(သောကြာနေ့)** နောက်ဆုံးထား၍ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၂၃-၉-၂၀၂၂) ရက် (**သောကြာနေ့**) မှစ၍ ဆေးတက္ကသိုလ်-မန္တလေး ကျောင်းသားရေးရာဌာနဌာ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်၊ ရေးဖြေစာမေးပွဲကို (၃၀-၉-၂၀၂၂)ရက် (**သောကြာနေ့**) တွင် စာစစ်ဌာနဖြစ်သည့် ဆေးတက္ကသိုလ်-မန္တလေးဌာ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

စဉ်	သင်တန်း	ဘာသာရပ်	စစ်ဆေးမည့် အချိန်	မေးခွန်းပုံစံ
(က)	ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ	ကျွမ်းကျင်ဘာသာရပ်	(၂)နာရီမေးခွန်း	MSQ
(ခ)	ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ)	ကျွမ်းကျင်ဘာသာရပ်	(၂)နာရီမေးခွန်း	MSQ
(ဂ)	ကျန်ဆေးပညာမဟာသိပ္ပံ သင်တန်များ	ကျွမ်းကျင်ဘာသာရပ်	(၂)နာရီမေးခွန်း	MCQ

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂) နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၁၁။ လူတွေ့နှုတ်ဖြေ စစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာမည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ကတိဝန်ချုပ်ချုပ်ဆိုရမည်။

၁၃။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၅။ ဘွဲ့လွန်ဘာသာရပ်တစ်ခုချင်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို ဘာသာရပ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေအဖြစ် ဤတက္ကသိုလ် Website မှတစ်ဆင့် ကြေညာပါမည်။ **အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် ဦးရေမည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် ပြည့်မီခြင်းမရှိက ရွေးချယ်မည်မဟုတ်ပါ။**

၁၆။ အသေးစိတ်အချက်အလက်များကိုဆေးတက္ကသိုလ်-မန္တလေး၏Website-www.ummdy.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပါမောက္ခချုပ် - ၀၂-၄၀၃၆၆၃၉
ဌာနမှူး(စီမံ/ဘဏ္ဍာ) - ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀
ကျောင်းသားရေးရာဌာန - ၀၂-၄၀၃၉၀၄၂ (လိုင်းခွဲ- ၂၀၃၊ ၂၂၇)

(ပါမောက္ခဒေါက်တာမျိုးသက်တင်)
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်-မန္တလေး

စာအမှတ်- ၁၆၁၅/ဆတမ(သ)ဘွဲ့လွန်(ဝင်ခွင့်)
ရက်စွဲ။ ၂၀၂၂ခုနှစ်၊ ဇွန်လ(၂၂)ရက်။